ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ - ခုနှစ်

ဇီးပင်ကွင်းအုပ်စု၊ ဇီးပင်ကွင်းကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
ဧရာဝတီမြစ်
ရေလယ်ကျွန်း
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှဉ်းချောင်း
ရခိုင် ပြည်နယ်
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေပုံ




ဇီးပင်ကွင်းကျေးရွာအုပ်စု ပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ဇီးပင်ကွင်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

**၁။ ဇီးပင်ကွင်း ကျေးရွာ**

၂။ ကရင်ကုန်း ကျေးရွာ

၃။ ပေကုန်းလေး ကျေးရွာ

၄။ နှောကုန်း ကျေးရွာ

၅။ ပေကုန်းကြီး ကျေးရွာ

၆။ အုတ်ပုံ (မြောက်စု) ကျေးရွာ

၇။ အုတ်ပုံ (တောင်စု)  ကျေးရွာ

၈။ အုတ်ပုံ (အရှေ့စု)  ကျေးရွာ

၉။ ဇီးပင်ကွင်းလေး ကျေးရွာ

ဇီပင်ကွင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စုထဲမှ ဇီးပင်ကွင်ကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ ကြံခင်းမြို့၏ အနောက်ဘက်ရှိ ပုသိမ်-မုံရွာ ကားလမ်းမကြီး၏ အရှေ့ဘက်တွင်တည်ရှိပါသည်။ အိမ်ခြေ-၂၂၉ခန့်ရှိ၍ လူဦးရေ-၈၆၄ဦးခန့် နေထိုင်ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း-၈၀ခန့်တွင် တည်ရှိခြင်းဖြစ်ပြီး ဇီးပင်ကွင်းကျေးရွာတောင်ပိုင်းနှင့် မြောင်ပိုင်းဟူ၍ ကွဲပြားလျှက်ရှိသည်။ ရွာတောင်ပိုင်းတွင် ဇီးပင်ရှိ၍ ဇီးပင်ကွင်းဟုခေါ်တွင်၍ မြောင်ပိုင်းတွင် လက်ခုပ်ပင်ရှိ၍ လက်ခုပ်ပင်ဟု ခေါ်တွင်ခဲ့သည်။ ရွာတောင်ပိုင်းနှင့် မြောက်ပိုင်းသည် ယခင်က ကွဲပြားနေခဲ့သော်လည်း ယခုအခါတွင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းခဲ့ကြသည်။

ဇီးပင်ကွင်းကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ကျေးရွာသည်တောင်နှင့်မြောက်သွယ်တန်းလျှက်ရှိသည်။ ဇီးပင်ကွင်းကျေးရွာ၏ အရှေ့ဘက်တွင် ပေကုန်းလေးကျေးရွာ အနောက်ဘက်တွင် ပုသိမ်-မုံရွာ လမ်းမကြီးတည်ရှိသည်။ တောင်ဘက်တွင် အုပ္ပံ(မြောက်)ရွာတည်ရှိ၍ မြောက်ဘက်တွင် အကောက်တောင်ကြောတည်ရှိသည်။

ဇီးပင်ကွင်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သော်လည်း အချို့မှာ တောင်ယာလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ဇီးပင်ကွင်းကျေးရွာတွင် မူလတန်းကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆေးပေးခန်း၊ စေတီများလည်းတည်ရှိသည်။ ဇီးပင်ကွင်းကျေးရွာသည် အုပ်စုရွာဖြစ်သော်လည်း ဖွံ့ဖြိုးမှုအားနည်းသောရွာတစ်ရွာဖြစ်သည်။

ဇီးပင်ကွင်းကျေးရွာသူ၊ ကျေးရွာသားများသည် မျှော်လင့်ချက်အိမ်မက်များရှိကြသည်။ ၎င်းတို့မှာ လမ်း၊ တံတားကောင်းမွန်ရန်၊ စက်ရေတွင်းနှင့် ရေကန်လုံလောက်စွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ မီးသတ်ရကန်၊ ကျေးရွာစာကြည့်တိုက် စသည်တို့ကို အကောင်အထည်ဖော်ချင်သော ဆန္ဒရှိနေကြသည်။ ဇီးပင်ကွင်းကျေးရွာသူ ကျေးရွာသားများသည် ရိုးသားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ အလှူအတန်းရက်ရောခြင်း၊ ပူးပေါင်းလုပ်ဆောင်တတ်သော အလေ့အထကောင်းများရှိခြင်းဖြင့် ပြည့်စုံပြီး အေးချမ်းသာယာသော ကျေးရွာလေးတစ်ရွာဖြစ်သည်။

# ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 29.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 20 | 26 | 46 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calender) | 29.9.2017 | ကော်မတီဝင်များနှင့် ၊ ရပ်ရွာလူထုများ | 20 | 26 | 46 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 29.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 20 | 26 | 46 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 29.9.2017 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 20 | 26 | 46 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 29.9.2017 | ကျေးရွာရှိအမျိုးသား နှင့် အမျိုးသမီးများ | 20 | 26 | 46 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 29.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 20 | 26 | 46 | -အရင်းအမြစ်များအပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 29.9.2017 | ကော်မတီဝင်များနှင့် ၊ ရပ်ရွာလူထုများ | 20 | 26 | 46 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 29.9.2017 | ကော်မတီဝင်များနှင့် ၊ ရပ်ရွာလူထုများ | 20 | 26 | 46 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 29.9.2017 | ကော်မတီဝင်များနှင့် ၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 20 | 26 | 46 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ


## လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

- ဇီးပင်ကွင်းကျေးရွာသည် လယ်ယာမြေနှင့် ကိုင်းမြေများကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။
- အိမ်ထောင်စုတစ်ဝက်ကျော်သည် အပြေလည်သောအိမ်ထောင်စုများဖြစ်၍ ကျပန်းလုပ်ကိုင်ကြသည်။
- ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ မူလတန်းကျောင်းရှိပြီး ပညာရေးအသင့်အတင့်လက်လှမ်းမှီ ကြောင်းတွေ့ရသည်။
- တစ်ရွာလုံးဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး ဘုန်းကြီးကျောင်းတည်ရှိသည်။
- ကျေးရွာ၏လမ်းများမှာ နွေရာသီတွင်ကောင်းမွန်သော်လည်း မိုးတွင်းအခါလမ်းများမကောင်းပါ။
- ကျေးရွာတိုးတက်ရန်လိုအပ်ချက်များမှာ-
  - တစ်ရွာလုံးလျှပ်စစ်မီးလင်းရန်
  - စက်ရေတွင်းရေကန်ရှိရန်
  - တစ်ရွာလုံးလမ်းကောင်းရန်
  - မူကြိုကျောင်းရှိရန်
  - အစည်းအဝေးခန်းမရှိရန်
- ဝင်ငွေတိုးလုပ်ငန်းများရှိရန်- ရိတ်သိမ်းခြွေလှေ့စက်

  - ထွန်စက်ကြီး

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်**




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်)**

ဇီးပင်ကွင်းကျေးရွာတွင် လယ်ယာနှင့်ကိုင်းလုပ်ငန်းများကို အိမ်ခြေ-၉၁အိမ်လုပ်ကိုင်ကြပြီး ကျန်-၁၃၉အိမ်မှာ ကျပန်းလုပ်ကိုင်ကြသည်။ ၎င်းလုပ်ငန်းများတွင် နေ့စားခအဖြစ် အမျိုးသား၊ အမျိုးသမီး လုပ်အားခတန်းတူရရှိကြသည်။


ကျေးရွာတွင် ရာသီဥတုအနေဖြင့် ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်စွာရွာသွန်းသည်။ ကျန်လများတွင် ရာသီဥတုသာယာသည်။ ကျေးရွာ၏ ကျန်းမာရေးအနေဖြင့် ရာသီဥတုအကူး အပြောင်းလများတွင် ဖျားနာတတ်ပြီး ကျန်လများတွင် ကျန်းမာရေးအသင့်အတင့်ရှိကြသည်။

ဇီးပင်ကွင်းကျေးရွာတွင် ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်းမုန်းလတွင် ကထိန်ပွဲတော်၊ တပို့တွဲလတွင် ထမင်းနဲပွဲတော်၊ တပေါင်းလတွင် အလှူပွဲတော်တို့ ပြုလုပ်ကျင်းပကြသည်။

ကျေးရွာတွင် သောက်သုံးရေနှင့်ပတ်သက်၍ မိုးတွင်အခါတွင်သာ ပုမှိဖူလုံမှုရှိသည်။ ကျေးရွာတွင် နေရာတိုင်းရေတူး၍ မရနိုင်သောကြောင့် ရေရှားပါးခြင်းဖြစ်သည်။ အလုပ်အကိုင်ကောင်း သော လများတွင် အစားအစာ ပိုမိုဖူလုံမှုရှိပြီး ကျန်လများတွင် ချိုးချန်ချွေတာ၍ စားသုံးကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဂ) ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်**



ဥစ္စာဓနကြွယ်ဝမှုဇယား

အုပ်စု-မီးပင်ကွင်း — ကျေးရွာ-မီးပင်ကွင်း

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | [illegible] | ၂၂ | ၁၀ % |
| အလယ်အလတ် | [illegible] | ၆၄ | ၃၀ % |
| ဖပြေလည်သောအုပ်စု | [illegible] | ၁၃၄ | ၆၀ % |
| နွမ်းပါးသောအုပ်စု | — | - | - |
| | စုစုပေါင်း | ၂၂၀ | ၁၀၀% |

ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

**ဥစ္စာဓနအဆင့်သတ်မှတ်ချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

ဇီးပင်ကွင်းကျေးရွာတွင် အိမ်ခြေ-၂၃၇ ရှိသည့်အနက် ချမ်းသာသောအိမ်ထောင်စု-၂၂အိမ်၊ အသင့်အတင့်အိမ်ထောင်စု-၆၉အိမ်၊ မပြေလည်သောအိမ်ထောင်စု-၁၃၉အိမ်ရှိသည်။ မပြေလည်သော အိမ်ထောင်စုမှာ ကျပန်းလုပ်ကိုင်နေကြသူများဖြစ်သည်။

လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲရာတွင် မပြေလည်သော အိမ်ထောင်စုများ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက် လုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့သည်။

ကျေးရွာတွင် ရေရှားပါး၍ ရေတွင်းရေကန်တည်ဆောက်နိုင်ခဲ့လျှင် ရေရှားပါးသည့် အခက်အခဲတို့မှ ကင်းဝေးပြီး ရေခပ်ရသည့် အချိန်လျော့နည်း၍ စီးပွားရေးများပိုမိုအဆင်ပြေနိုင်ပြီး ဝင်ငွေများတိုး တက်လာနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>**




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


ဇီးပင်ကွင်းကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအဖွဲ့၊ ဂေါပကအဖွဲ့တို့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အဓိကဦးဆောင်သည်။ ကျေးရွာအတွင်းရှိ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ ဝတ်အသင်းအဖွဲ့တို့သည် ပညာရေး၊ သာရေး၊ နာရေးတို့တွင် အဓိကဦးဆောင်၍ ဆောင်ရွက်နေကြသည်။

ကျေးရွာအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးအဖွဲ့နှင့် ကောင်စိုက်သမအဖွဲ့တို့သည်လည်း ကျေးရွာ၏ ကျန်းမာရေး၊ သာရေး၊ နာရေးတို့တွင် အဓိကပါဝင်လုပ်ဆောင်ကြသည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စုအုပ်ချုပ်ရေးအဖွဲ့မှ တဆင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့်လည်းကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်အဖွဲ့နှင့်လည်းကောင်း၊ ကျေးရွာလူထုဗဟိုပြု စီမံကိန်းအဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်းကောင်း ချိတ်ဆက်၍ ဆောင်ရွက်နေသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


**(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်**




အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) <u>အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>




အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု

**<u>အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


ဖီးပင်ကွင်းကျေးရွာတွင် လယ်၊ ကား၊ ကိုင်း၊ ဆိုင်ကယ်၊ ဝက်၊ ဆိုလာမီး၊ အိမ်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဖုန်းတို့ကို အမျိုးသား၊ အမျိုးသမီးတူညီစွာ အသုံးပြုပြီး တူညီစွာပိုင်ဆိုင်ထိန်းချုပ်ကြသည်။

ကျေးရွာတွင် အပ်ချုပ်စက်၊ ဈေးဆိုင်၊ ကြက် တို့ကို အမျိုးသမီးများ အသုံးပြု ထိန်းချုပ်ကြသည်။ ကျေးရွာရှိ အမျိုးသားများသည် လှည်း၊ နွား၊ မြက်ဖြတ်စက်၊ ခြွေလှေ့စက်၊ မီးစက်၊ ရေတွင်း၊ လယ်ထွန်စက် တို့ကို အမျိုးသမီးများနှင့် မတူညီပဲ အသုံးပြုထိန်းချုပ်ကြသည်။

လူမှုရေး ဆောင်ရွက်ရာတွင် လည်းကောင်း၊ အစည်းအဝေးများ တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အပြန်အလှန် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် အမျိုးသမီးများသည် အမျိုးသား များနှင့် တန်းတူညီတူ အခွင့်အရေးညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>**




ပင့်ကူအိမ်ကွန်ယက်

ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)


ဇီးပင်ကွင်းကျေးရွာတွင် အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကို အများဆုံးလုပ်ကိုင်နေကြသည်။ ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့သည် ပညာရေးလက်လှမ်းမှီမှုတွင်လည်းကောင်း၊ ယုံကြည်မှုတွင်လည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်း လက်လှမ်းမှီမှုတွင်လည်းကောင်း၊ ဝင်ငွေရှာဖွေမှုတို့တွင်လည်းကောင်း တန်းတူလက်လှမ်းမှီမှုရှိကြောင်းတွေ့ရသည်။


ကျေးရွာရှိ အမျိုးသားများသည် အုပ်ချုပ်မှုလုပ်ငန်းများတွင်လည်းကောင်း၊ ကျေးရွာရှိ အဖွဲ့အစည်း ပါဝင်မှုတို့တွင်လည်းကောင်း၊ လုံခြုံမှုတို့တွင်လည်းကောင်း အမျိုးသမီးများထက် ပို၍ လက်လှမ်းမှီမှုအားကောင်းကြောင်းတွေ့ရသည်။

ဇီးပင်ကွင်းကျေးရွာရှိ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်နေရပြီး အခြားအခွင့်အလမ်းများတွင် လက်လှမ်းမှီမှု အားနည်းကြောင်းတွေ့ရပြီး အမျိုးသားများသည် အမျိုးသမီးများအတွက် အခြားအခွင့်အလမ်းများအား လက်လှမ်းမှီနိုင်ရန် လက်တွဲခေါ်ယူလျှင် အမျိုးသမီးများသည် အိမ်တွင်းမှု လုပ်ငန်းများတွင်သာမက အခြားအခွင့်အလမ်းများလည်းရရှိလာနိုင်မည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်**




အခက်အခဲပြဿနာများ

**<u>အခက်အခဲပြဿနာများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**

ဇီးပင်ကွင်းကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများ၏ အဓိကအခက်အခဲ ပြဿနာမှာ ရေရှားပါးခြင်း အခက်အခဲ၊ တံတားမကောင်း၍ သယ်ယူပို့ဆောင်ရေးအခက်အခဲ၊ ပညာဗဟုသုတနည်း ပါးခြင်းအခက်အခဲတို့သည် တူညီသော အခက်အခဲ ပြဿနာများဖြစ်ကြသည်။


ကျေးရွာရှိ အမျိုးသမီးများ၏ အမျိုးသားများနှင့် မတူညီသော အခက်အခဲ ပြဿနာတို့မှာ မီးမရရှိ၍ ပညာရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ နေရာအခက်အခဲ၊ ကလေးများ ကြည့်ရှုရန် မူကြိုကျောင်းမရှိသည့် အခက်အခဲတို့ ဖြစ်ကြသည်။


ကျေးရွာရှိ အမျိုးသားများ၏ အမျိုးသမီးများနှင့် မတူညီသော အခက်အခဲတို့မှာ ကျောင်းသားများအတွက် ပညာရေးအခက်အခဲ၊ မီးဘေးအန္တရာယ်အခက်အခဲ၊ လုပ်သားရှားပါးခြင်း အခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ မြို့နှင့်ဝေးကွာခြင်းအခက်တို့ဖြစ်ကြသည်။

အထက်ဖော်ပြပါ အခက်အခဲပြဿနာတို့မှာ ဇီးပင်ကွင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောက် နှေးစေသော အခက်အခဲပြဿနာများဖြစ်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(၈) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း</u>**




မျှော်မှန်းချက်

**<u>ကျေးရွာမျှော်မှန်းချက်များ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


ဇီးပင်ကွင်း ကျေးရွာသည် အမျိုးသား၊ အမျိုးသမီးတို့၏ မိမိတို့ကျေးရွာအတွက် တစ်ရွာလုံး ရေရရှိရေး၊ လျှပ်စစ်မီးလင်းရန်၊ တံတားပြုပြင်ရန်၊ တစ်ရွာလုံးကတ္တရာလမ်းခင်းရန်နှင့် စာကြည့်တိုက် ရှိရန်တို့ကိုမျှော်မှန်းကြသည်။

ကျေးရွာတွင် အမျိုးသမီးများ၏ မျှော်မှန်းချက်များမှာ အစည်းအဝေးခန်းမရှိရန်၊ မူကြိုကျောင်း ရှိရန်၊ အထက်တန်းကျောင်းရှိရန်တို့ကို အမျိုးသားများနှင့် မတူညီပဲ မျှော်မှန်းကြသည်။ ကျေးရွာရှိ အမျိုးသားများ၏ မျှောမှန်းချက်မှာ ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်ကြီးနှင့် အရေးပေါ်ကားတစ်စီးရှိရန် အမျိုးသမီးများနှင့်မတူညီပဲ မျှော်မှန်းကြသည်။

အထက်ဖော်ပြပါ မျှော်မှန်းချက်များမှာ မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသောမျှော် မှန်းချက်များဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>**


<ဒုတိယနှစ်စက်ဝန်း>

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

အုပ်စု- ဇီးပင်ကွင်း

ကျေးရွာ-ဇီးပင်ကွင်း ရက်စွဲ-၂၆.၁၂.၂၀၁၆

| စီမံကိန်းလုပ်ငန်းခွဲ | အဆိုပြုသူ | အမျိုးသား မဲအရေအတွက် | အမျိုးသမီး မဲအရေအတွက် | စုစုပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|---|
| ဆက်ရေတွင်း၊ ရေကန် ရေစက် | ကျား+မ | ၈၀ | ၁၅၁ | ၂၃၁ | ၁ |
| တံတား ပြုပြင်ခြင်း | ကျား+မ | ၃၄ | ၆၁ | ၉၅ | ၃ |
| ဘတ်ခုံသုံး ရောက်နံ | ကျား | ၄၅ | ၉၁ | ၁၃၆ | ၂ |
| အစည်းအဝေးခန်းမ | မ | ၃ | ၃ | ၆ | ၄ |
| | | | | | |

ဦးစားပေးလုပ်ငန်းများ

**<u>ကျေးရွာဦးစားပေးလုပ်ငန်းများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**

ဇီးပင်ကွင်းကျေးရွာသည် လူထုဗဟိုပြုစီမံကိန်းစက်ဝန်း ပထမနှစ်တွင် ရွာတွင်းချောင်းကျောက်လမ်းစီမံကိန်းလုပ်ငန်းခွဲကို အုပ်စုသဘောတူဆုံးဖြတ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ စီမံကိန်းဒုတိယနှစ်တွင် ဘက်စုံသုံးရေကန်-၄လုံးတည်ဆောက်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ကျေးရွာသည် ကျေးရွာအုပ်စု သဘောတူညီမှုနှင့် တတိယနှစ်စက်ဝန်းတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုနား၍ စတုတ္ထနှစ်စက်ဝန်းတွင်လည်း အုပ်စုရန်ပုံငွေခွဲဝေ၍ ပိုလျှံမှသာ စီမံကိန်းလုပ်ဆောင်မည်ဟု အုပ်စုတွင် သဘောတူဆုံးဖြတ်ခဲ့သည်။

ဇီးပင်ကွင်းကျေးရွာသည် အခြားဖွံ့ဖြိုးရေးများလုပ်ဆောင်ရန် လိုအပ်နေသော်လည်း ကျေးရွာအုပ်စု ရန်ပုံငွေနှင့် ကိုက်ညီမှုရှိစေရန်ထိုကဲ့သို့ သဘောတူဆုံးဖြတ်ခဲ့ကြသည်။

## လူမှုဆန်းစစ်ခြင်း အနှစ်ချုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### လူမှုဆန်းစစ်ခြင်း အနှစ်ချုပ်ခြင်း



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



<u>၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း</u>

**အုပ်စု။ ။ ဇီးပင်ကွင်း ကျေးရွာ။ ။ ဇီးပင်ကွင်း**

**စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၉-၉-၂၀၁၇**

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးအောင်ဝင်း | ၀၉၉၇၃၁၅၀၃၈၉ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်စုစုခိုင် | ၀၉၉၆၈၄၀၈၂၄၇ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဇာနည်ဖြိုး | ၀၉၉၇၄၇၄၆၉၃၅ | |
| ၄ | | အဖွဲ့ဝင် | ဦးမျိုးလွင် | ၀၉၉၇၆၀၆၀၉၀၇ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ကြည်ကြည်စန်း | ၀၉၂၆၄၄၅၅၆၅၂ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မြင့်မြင့်ခိုင် | - | |
| ၇ | | အဖွဲ့ဝင် | ဦးလှထွန်းမြင့် | ၀၉၇၇၂၈၀၈၅၆၃ | |
| ၈ | | အဖွဲ့ဝင် | ဦးဇော်မျိုးထွန်း | ၀၉၇၈၃၃၈၁၇၈၂ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကြည်ထွေး | ၀၉၉၇၆၃၉၃၀၀၈ | |
| ၁၀ | | အဖွဲ့ဝင် | ဦးရှိုင်းထက်လင်း | ၀၉၇၇၇၅၅၀၀၅၁ | |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ဥမ္မာ | ၀၉၄၅၀၁၀၇၂၈၆ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးထင်ကျော် | ၀၉၃၆၃၀၄၉၃၁ | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသက်ပိုင်ဦး | ၀၉၉၆၈၈၄၃၆၂၁ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မာမာအောင် | - | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးအောင်ကိုကို | ၀၉၉၇၆၄၄၉၀၈၉ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ဇာလီစိုး | - | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး- ဒေါ်ထက်ထက်လွင်

လက်ထောက်နည်း ပညာမှူး - ဦးဇာနည်အောင်

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကျော်ဝင်း | ၀၉-၄၇၃၁၅၀၃၈၄ | ဒေါ်ထက်ထက်လွင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရခိုင် | ကြံခင်း | ဖိုးပခြွေး | ဖိုးပခြွေး |

ကျေးရွာ: မကွေး

ကျ။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၂၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၂၈ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၊၆<br>၁၄ ၊၂၉ | ဗုဒ္ဓ | ၃၇ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၈၇၇ | ၄၂၂ | ၄၅၅ |
| လူမျိုးစု (၁)---ဗမာ--- | ၄၂၂ | ၄၅၅ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၁၇၇ | ၅၁ |

**(ခ)** အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　မြေသားလမ်း　လူသွားလမ်း　အခြား [illegible];

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　မိုင်-၁.-၅-/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-၁၀ မိ၊ စ----- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -----------------

မိုးရာသီတွင်ကြာချိန်--------၁၀ မိ၊ စ-------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　☐ ရှိပါသည်　ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လမ်းကော်မတီ

(၂) မီး ကော်မတီ

ကျေးရွာခေါင်းဆောင် — အမည် ဦးဇော်ဝင်း

လက်မှတ် — နေ့စွဲ ၂၉. ၉.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ထက်ထက်လွင်

လက်မှတ် — နေ့စွဲ ၂၉. ၉.၂၀၁၇

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



### ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝင်းထက်ရှုမ

နေ့စွဲ ၂၉.၉.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဇီးပင်ကွင်း | ကျေးရွာ ဇီးပင်ကွင်း

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၉.၁၇ | ၂၉.၉.၁၇ | ၂၀ | ၂၆ | ၄၆ | ၄၆ \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၉.၉.၁၇ | ၂၉.၉.၁၇ | ၂၀ | ၂၆ | ၄၆ | ၄၆ \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆.၁၀.၁၇ | ၂၆.၁၀.၁၇ | ၁၆ | ၁၆ | ၃၂ | ၃၂ \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၁၂.၁၇ | ၂၂.၁၂.၁၇ | ၄ | ၃ | ၇ | ၇ \| ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – – |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အဆောက်အအုံပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လွင် | | | |
| နေ့စွဲ ၂၉.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဖိုးပင်ကွင်း | ကျေးရွာ ဖိုးပင်ကွင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လျှပ်စစ်မီးမရရှိ၍ ကျောင်းသားများ ပညာရေးအတွက် အခက်အခဲ | ၁ | လျှပ်စစ်မီးမရ၍ ပညာရေး၊ သွားလာရေး အခက်အခဲ |
| ၂ | မိုးရာသီတွင် လမ်းများ ပျက်စီးခြင်း အခက်အခဲ | ၂ | တံတားမကောင်း၍ သယ်ယူပို့ဆောင်ရေး အခက်အခဲ |
| ၃ | တံတား မကောင်း၍ သယ်ယူပို့ဆောင်ရေး အခက်အခဲ | ၃ | ကျန်းမာရေး အခက်အခဲ |
| ၄ | ပညာဗဟုသုတနည်းပါးခြင်း | ၄ | ပညာဗဟုသုတနည်းပါးခြင်း အခက်အခဲ |
| ၅ | မီးဘေးအန္တရာယ် အခက်အခဲ | ၅ | သွားလာရေး ခက်ခဲခြင်း အခက်အခဲ |
| ၆ | ကျန်းမာရေး အခက်အခဲ | ၆ | အစည်းအဝေး၊ သာရေး၊ နာရေး ပြုလုပ်ရန်နေရာ ခက်ခဲခြင်း |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | တစ်ရွာလုံး လျှပ်စစ်မီး လင်းချင်သည်။ | ၁ | တစ်ရွာလုံး မီးလင်းချင်သည်။ |
| ၂ | တစ်ရွာလုံး ကွန်ကရစ်လမ်း ဖြစ်ချင်သည်။ | ၂ | တံတား ပြုပြင်ချင်သည်။ |
| ၃ | ရွာသစ်ချောင်း နှင့် ရွာမကြီး ဆက်သွယ်ရေး တံတား ပြုပြင်ချင်သည်။ | ၃ | တစ်ရွာလုံး ကွန်ကရစ်လမ်း ဖြစ်ချင်သည်။ |
| ၄ | ကျေးရွာစာကြည့်တိုက် ရှိချင်သည်။ | ၄ | ကျေးရွာစာကြည့်တိုက် ရှိချင်သည်။ |
| ၅ | မီးသတ်ကား ရှိချင်သည်။ | ၅ | အစည်းအဝေးခန်းမ ရှိချင်သည်။ |
| ၆ | | ၆ | မူကြိုကျောင်း ရှိချင်သည်။ |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | တံတားပြုပြင်ခြင်း | အမျိုးသား<br>အမျိုးသမီး | ၆၅ အိမ် | ၈၇၇ |
| ၂ | အစည်းအဝေး ခန်းမ | အမျိုးသမီး | ၇၀ အိမ် | ၈၇၇ |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသေးစား ငွေချေး လုပ်ငန်း | အမျိုးသမီး | |
| ၂ | အပ်ချုပ်သင်တန်း | အမျိုးသမီး | |
| ၃ | လူနာတင်ကား | အမျိုးသား | |
| ၄ | ကောက်ရိတ်စက် | အမျိုးသမီး | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် မိုးအောင်ဝင်း လက်မှတ် (signature) နေ့စွဲ ၂၉.၉.၂၀၁၇

ဒေါ်ဥဥခိုင် (signature)

# ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | [illegible] | |
| နေ့စွဲ ၂၆.၁၀.၁၇ | ခက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□ခက်ဝန်း(၁) □ခက်ဝန်း(၂) ☑ခက်ဝန်း(၃) □ခက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | ၈'x၆'x၅' ([illegible]) ၈၀၀ ပေ | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃၅၀၀၀၀၀ | | | | ၃၅၀၀၀၀၀ |
| [illegible] | [illegible] | ၂၀'x၃၅' | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၇၀၀၀၀၀၀ | | | | ၇၀၀၀၀၀၀ |
| [illegible] | [illegible] | ၂၅ ခုံ | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၅၀၀၀၀၀၀ | | ၁၅၀၀၀ | ([illegible]) | ၅၀၁၅၀၀၀ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကရင်ကုန်း | ရွာချင်းဆက် ကျောက်ချော လမ်း | (၆၀၀၀'x၁၀' x၄") | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | ၅၆၁၀၀၀၀/- | | | ၅၆၁၀၀၀၀/- |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစောဝင်း ၊ ခေါ်ဘုန်းဖေ

လက်မှတ် ---------------- ရက်စွဲ 26.10.17

၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စု၊ ဇီးပင်ကွင်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ဇီးပင်ကွင်းကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၉.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

# ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | တံတားပြုပြင်ခြင်း | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | အစည်းအဝေးခန်းမ | ကျား မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်း ကျောင်း/ စိုက်ပျိုးရေး | ၃ | အပ်ချုပ်သင်တန်း | မ | ၂၀၂၀ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | ၄ | ရိတ်သိမ်းခြွေလှေ့စက် | ကျား | ၂၀၂၁ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | ၅ | ကောက်ရိတ်စက် | မ | ၂၀၂၂ | ကျေးရွာလူထု | စက်မှုလယ်ယာဦးစီး ဌာန |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၆ | လူနာတင်ကား | ကျား | ၂၀၂၃ | ကျေးရွာလူထု | မြို့နယ်ကျန်းမာရေး |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၉ | အသေးစားချေးငွေလုပ်ငန်း | မ | ၂၀၂၄ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | | | | | | |